Myanmar Child Protection AoR

Myanmar Gender in Humanitarian Action Community of Practice (GiHA CoP)

# ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအစီအစဉ်ရေးဆွဲရာတွင် အသက် (၁၃) နှစ်အောက် ကလေးသူငယ်များ ကျားမရေးရာ အားလုံးပါဝင်စေရေးအတွက် အချက်အလက်သတင်းလွှာ

ဤကျားမရေးရာ[1] အချက်အလက်သတင်းလွှာသည် အသက် (၁၃) နှစ်အောက် လူဦးရေအုပ်စုအတွက် ကျားမရေးရာကို အထူးစဉ်းစားထားသည့် စီမံကိန်းရေးဆွဲခြင်းနှင့် ပံ့ပိုးကူညီပေးခြင်းတို့ကို ဆောင်ရွက်ရာတွင် အေဂျင်စီများနှင့် အဖွဲ့အစည်းများကို လမ်းညွှန်ပေးရန် ဒီဇိုင်းရေးဆွဲထားပါသည်။ ဤသတင်းလွှာ၏ ရည်ရွယ်ချက်မှာ အသက် (၁၃) နှစ်အောက် ကလေးသူငယ်များအတွက် စီမံကိန်းရေးဆွဲရာတွင် ကျားမတန်းတူညီမျှမှုကို ထည့်သွင်းစဉ်းစားရန်၊ အားလုံးပါဝင်ရန်နှင့် တုံ့ပြန်နိုင်စွမ်းရှိစေရန်အတွက် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးတွင် ပါဝင်ဆောင်ရွက်နေသူများအား လမ်းညွှန်ပေးရန်ဖြစ်သည်။ လက်ရှိသတင်းလွှာတွင် မွေးကင်းစမှ အသက် ၅ နှစ်အထိ ကလေးသူငယ်များနှင့် အသက် ၆ နှစ်မှ ၁၃ နှစ်အထိ ကလေးသူငယ်များဟူ၍ အုပ်စုနှစ်စုခွဲခြား၍ လမ်းညွှန်ဖော်ပြထားသည်။

## လိုအပ်ချက်ဆန်းစစ်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်း[2]

ပိုမိုငယ်ရွယ်သော ကလေးသူငယ်များအတွက် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး စီမံကိန်းရေးဆွဲရာတွင် ကျားမတန်းတူညီမျှမှုကို ထည့်သွင်းစဉ်းစားထားကြောင်း သေချာစေရန်အတွက်၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ပါဝင်ဆောင်ရွက်သူများသည် ကျားမရေးရာ တုံ့ပြန်နိုင်စွမ်းရှိပြီး အားလုံးပါဝင်မှုရှိစေရန် လိုအပ်ပြီး၊ လိုအပ်ချက်ဆန်းစစ်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်းလုပ်ငန်းများတွင် ဤအချက်များကို ပေါင်းစည်းထည့်သွင်းရန် အရေးကြီးပါသည်။

---

[1] ကျားမရေးရာ (Gender) ဆိုသည်မှာ လူ့အသိုင်းအဝိုင်းတစ်ခုက အချိန်တစ်ခုတွင် အမျိုးသားများနှင့် အမျိုးသမီးများအတွက် သင့်တော်သည်ဟု စဉ်းစားထားသော အခန်းကဏ္ဍများ၊ အပြုအမူများ၊ လုပ်ဆောင်ချက်များနှင့် ဂုဏ်အရည်အချင်းများကို ဆိုလိုသည်။ ကျားမရေးရာဆိုသည်မှာ အမျိုးသားဖြစ်ခြင်း သို့မဟုတ် အမျိုးသမီးဖြစ်ခြင်းနှင့်လည်းကောင်း၊ အမျိုးသမီး/အမျိုးသား/မိန်းကလေး/ယောကျ်ားလေးတို့အကြား ဆက်ဆံရေးတို့နှင့်လည်းကောင်း ဆက်စပ်ဖြစ်ပေါ်သည့် လူမှုဆိုင်ရာ ဂုဏ်အရည်အချင်းများနှင့် အခွင့်အလမ်းများအပြင်၊ အမျိုးသမီး/အမျိုးသားအချင်းချင်းအကြားရှိ ဆက်ဆံရေးကိုလည်း ရည်ညွှန်းပါသည်။ ဤဂုဏ်အရည်အချင်းများ၊ အခွင့်အလမ်းများနှင့် ဆက်ဆံရေးတို့ကို လူမှုရေးအရ တည်ဆောက်ထားပြီး လူ့အဖွဲ့အစည်းဖြစ်စဉ်များတွင် သင်ယူလေ့လာခဲ့ကြသည်။ ဤအချက်များသည် အခြေအနေ/အချိန်အလိုက် သီးသန့်ဖြစ်ကြပြီး၊ ပြောင်းလဲနိုင်ကြသည်။ အခြေအနေတစ်ရပ်တွင် အမျိုးသမီး သို့မဟုတ် အမျိုးသားတစ်ဦးထံမှ မည်သည့်အရာအား မျှော်လင့်သည်၊ မည်သည့်အရာအား ခွင့်ပြုထားသည်နှင့် မည်သည့်အရာက တန်ဖိုးထားခံ ရသည်ကို ကျားမရေးရာ (gender) က ဆုံးဖြတ်ပေးပါသည်။ လူ့အသိုင်းအဝိုင်းအများစုတို့တွင် သတ်မှတ်ထားသော တာဝန်များ၊ ဆောင်ရွက်သော လုပ်ငန်းများ၊ ရင်းမြစ်များကို ရယူအသုံးပြုနိုင်မှုနှင့် ထိန်းချုပ်နိုင်မှု၊ ဆုံးဖြတ်ချက်ချမှတ်နိုင်သည့် အခွင့်အလမ်းများ စသည်တို့နှင့်စပ်လျဉ်း၍ အမျိုးသမီးနှင့် အမျိုးသားတို့အကြား၌ ကွဲပြားခြားနားမှုများနှင့် မညီမျှမှုများရှိနေကြသည်။ ကျားမတန်းတူညီမျှမှုဆိုသည်မှာ ပိုမိုကျယ်ပြန့်သော လူမှုယဉ်ကျေးမှုအကြောင်းအရာ၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး၊ အဆင့်အတန်း၊ လူမျိုး၊ ဆင်းရဲနွမ်းပါးမှုအဆင့်၊ တိုင်းရင်းသားအုပ်စု၊ လိင်ဖြစ်တည်မှု၊ အသက်အရွယ်စသည်တို့သည် လူမှုယဉ်ကျေးမှုဆိုင်ရာ သရုပ်ခွဲဆန်းစစ်မှု အတွက် အရေးကြီးသော စံသတ်မှတ်ချက်များဖြစ်ကြသည်။ (UN Women, 2022: Handbook on Gender Mainstreaming for Gender Equality Results)

[2] တိုင်ပင်ဆွေးနွေးမှုများကို ဖြစ်နိုင်သမျှ ဒေသခံဘာသာစကားဖြင့် ပြုလုပ်သည်

**1.** ဘေးဒဏ်ခံပြည်သူများအနက် အသက် (၁၃) နှစ်အောက်ရှိ ယောက်ျားလေးများနှင့် မိန်းကလေးများ၏ **ကျားမရေးရာ** မတူကွဲပြားမှုများနှင့် အခြားထိခိုက်လွယ်မှုအချက်များကို သတ်မှတ်ဖော်ထုတ်နိုင်ရန်နှင့် ပိုမိုကျယ်ပြန့်စွာ ကိုယ်စားပြုမှုရှိစေရန်အတွက် လူဦးရေဆိုင်ရာအချက်အလက်များကို စုဆောင်း၍ စိစစ်ပိုင်းခြားရမည်။ တစ်ချိန်တည်းတွင် အားလုံးပါဝင်မှုနှင့် တန်းတူညီမျှကို ဖန်တီးနိုင်ရန်အတွက် မသန်စွမ်းမှု ရှိနေသည့်[3] ကလေးသူငယ်များကို အထူးအလေးထားရမည်။

**ဥပမာ**။ ။

(က) အသက် (၁၃) နှစ်အောက် ကလေးသူငယ်များအတွက် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အန္တရာယ်ဖြစ်နိုင်ခြေများမှာ မည်သည့်အရာများဖြစ်ပါသနည်း? ထိုအန္တရာယ်ဖြစ်နိုင်ခြေများသည် ယောက်ျားလေးများနှင့် မိန်းကလေးများအတွက် မည်သို့ ကွဲပြားခြားနားပါသနည်း?
သင်လုပ်ငန်းဆောင်ရွက်နေသည့် နယ်ပယ်တွင် ထူးခြားစွာတွေ့ရှိရသည့် အောက်ပါ ကျားမ တန်းတူညီမျှမှုနှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အန္တရာယ်ဖြစ်နိုင်ခြေများကို ထည့်သွင်းစဉ်းစားပါ။

- ကလေးလုပ်သား – ကလေးလုပ်သားဆိုင်ရာ မတူညီသော မည်သည့်လုပ်ဆောင်ချက်များ ရှိပါသနည်း? အသက်ပိုငယ်သော အုပ်စုတွင်းရှိ မိန်းကလေးများနှင့် ယောက်ျားလေးများကို နှိုင်းယှဉ်ပါက မည်သည့်မတူညီသော ကလေးလုပ်သားဆောင်ရွက်ချက်များ၊ မည်သည့် တွန်းအား/ဆွဲအားများ ရှိပါသနည်း?
- ကလေးသူငယ်လက်ထပ်ထိမ်းမြားမှု – မိသားစုများသည် အသက် ၁၃ နှစ်အောက် မိန်းကလေး များအတွက် လက်ထပ်ထိမ်းမြားမှုများကို ကြိုတင်စီစဉ်ပါသလား? မည်သည့် တွန်းအား/ဆွဲအားများ၊ ယဉ်ကျေးမှုအလေ့အထများ၊ ယုံကြည်မှုများ ရှိပါသနည်း? ကလေးသူငယ် လက်ထပ်ထိမ်းမြားမှုသည် ယောက်ျားလေးများအတွက်လည်း တူညီပါသလား သို့မဟုတ် ကွဲပြားခြားနားပါသလား?
- လက်နက်ကိုင်အုပ်စုများနှင့် ဆက်စပ်နေသည့် ကလေးသူငယ်များ – ဤအချက်သည် အသက် ၁၃ နှစ်အောက် ကလေးသူငယ်များအပေါ် သက်ရောက်မှုရှိနေပါသလား? တပ်သားသစ် စုဆောင်းရာတွင် ကျားမတန်းတူညီမျှမှုဆိုင်ရာ မည်သည့်အချက်များ ရှိနေပါသနည်း[4]?

---

[3] ခွဲခြားဆက်ဆံခံရခြင်းနှင့် ဖယ်ကြဉ်ခံရခြင်းတို့သည် ကလေးဘဝ၏ အစပိုင်းတွင်ပင် ထင်ရှားပါသည်။ မသန်စွမ်းမှုများရှိနေသည့် ကလေးသူငယ်များသည် စီမံကိန်းရေးဆွဲရာတွင် လျစ်လျူရှုခံရခြင်း၊ အလွဲသုံးခံရခြင်းနှင့် ဖယ်ကြဉ်ခံရခြင်းတို့ ဖြစ်နိုင်ခြေပိုများသည်။ ဤအချက်များသည် မသန်စွမ်းမှုများရှိနေသည့် မိန်းကလေးများအတွက် ပိုဆိုးပြီး၊ ကျားမတန်းတူညီမျှမှု၊ မသန်စွမ်းမှုနှင့် အခြားသော အပယ်ခံအချက်များနှင့် ပေါင်းစပ်၍ ခွဲခြားဆက်ဆံခံရခြင်းနှင့် ဖယ်ကြဉ်ခံရခြင်းတို့ကို ပိုမို တွေ့ကြုံခံစားရစေသည်။ (UNICEF Fact Sheet 2022: Children with Disabilities)

[4] အသေးစိတ်အချက်များကို https://alliancecpha.org/en/GAAFAG တွင်ကြည့်ပါ။

- ကလေးသူငယ်ဦးဆောင်သည့် အိမ်ထောင်စုများ – ယောကျ်ားလေးများ သို့မဟုတ် မိန်းကလေးများက အိမ်ထောင်စုကို အဓိကဦးဆောင်နေပါသလား?
- မိသားစုနှင့် ကွဲကွာနေသည့် အဖော်မဲ့ ကလေးသူငယ်များ (UASC) - UASC အတွက် အစားထိုးပြုစုစောင့်ရှောက်မှု ရွေးချယ်ခြင်းနှင့် ပံ့ပိုးပေးခြင်းဖြင့် တုံ့ပြန်ဆောင်ရွက်ရာတွင် ယောကျ်ားလေးနှင့် မိန်းကလေးများအတွက် မည်သည့်အချက်များက ကွဲပြားခြားနားနေသနည်း?
- အိမ်တွင်းအကြမ်းဖက်မှု – ယင်းသည် ယောကျ်ားလေးနှင့် မိန်းကလေးများအကြားတွင် မည်သို့ ကွဲပြားခြားနားနေသနည်း?
- ရပ်ရွာတွင်း အကြမ်းဖက်မှု– အဓိကအားဖြင့် မည်သူ့ကို ဦးတည်အကြမ်းဖက်ပါသနည်း? ယောကျ်ားလေးများ သို့မဟုတ် မိန်းကလေးများဖြစ်ပါသလား? အကြမ်းဖက်မှုသည် ကွဲပြားခြားနားပါသလား (ဥပမာ - ကျားမအခြေပြုအကြမ်းဖက်မှု[5])?
- စိတ်ခံစားမှု၊ အတွေးအခေါ် သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ဒုက္ခရောက်မှု - ဤအချက်အတွက် မိန်းကလေးများ၏ လက္ခဏာများသည် အဘယ်နည်း? ယောကျ်ားလေးများ၏ လက္ခဏာများမှာမူ အဘယ်နည်း?
- အသက် (၆) နှစ်အောက် ကလေးသူငယ်များအတွက် လျစ်လျူရှုခြင်း၊ ခေါင်းပုံဖြတ်ခြင်းနှင့် လူကုန်ကူးခြင်းဆိုင်ရာ ကိစ္စရပ်များ

(ခ) ဆရာ/မများ၊ ပြုစုစောင့်ရှောက်သူများ၊ ဘာသာရေးခေါင်းဆောင်များ၊ ရပ်ရွာခေါင်းဆောင်များ၊ ရပ်ရွာအမျိုးသမီးအဖွဲ့များ၊ ရပ်ရွာအဆင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ်များ၊ CSO/NGO လုပ်သားများအပါအဝင် သက်ဆိုင်ရာပါဝင်ပတ်သက်သူများနှင့် ကျယ်ပြန့်စွာ ချိတ်ဆက်ဆောင်ရွက်ပြီး၊ ကျားမရေးရာ ခွဲခြားထားသော နည်းလမ်းဖြင့် မေးခွန်းများကို ဦးတည်မေးမြန်းပါ။

**ဥပမာ**။ ။

[5] ကျားမအခြေပြုအကြမ်းဖက်မှု (GBV) သည် ကျားမကို အခြေခံ၍ တစ်ဦးချင်း သို့မဟုတ် အုပ်စုတစ်စုကို ထိခိုက်နစ်နာစေရန် ဦးတည်သော လုပ်ရပ်များဖြစ်သည်။ ယင်းသည် ကျားမတန်းတူညီမျှမှု မရှိခြင်း၊ လုပ်ပိုင်ခွင့်ကို အလွဲသုံးခြင်းနှင့် ထိခိုက်နစ်နာစေသော စံသတ်မှတ်ချက်များကို အခြေခံသည်။ လူ့အဖွဲ့အစည်းအတွင်း ကျားမရေးရာအခြေခံသော လုပ်ပိုင်ခွင့်မညီမျှမှုများကြောင့် အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် အကြမ်းဖက်မှုပုံစံအမျိုးမျိုးရှိနိုင်ကြောင်းကို အသားပေးဖော်ပြရန်အတွက် ဤအသုံးအနှုန်းကို အဓိကအသုံးပြုတတ်သည်။ အမျိုးသမီးများနှင့် မိန်းကလေးများက GVB ကြောင့် အချိုးမညီစွာ ထိခိုက်ခံစားရပြီး၊ တချိန်တည်းတွင် အမျိုးသားများနှင့် ယောကျ်ားလေးများသည်လည်း ပစ်မှတ်ထားခံရတတ်သည်။ ဖို/မ/ကျားမရေးရာ စံသတ်မှတ်ချက်များနှင့် ဆက်စပ်ဖြစ်ပေါ်သည့် အကြမ်းဖက်မှုများကို ရည်ညွှန်းသောအခါတွင် LGBTQI+ လူများကို ပစ်မှတ်ထားသည့် အကြမ်းဖက်မှုများကို ဖော်ပြရန်လည်း ဤအသုံးအနှုန်းကို တခါတရံအသုံးပြုတတ်သည်။

- မွေးကင်းစမှ အသက် (၅) နှစ်အတွင်းရှိ မိန်းကလေးများအတွက် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အဓိကအန္တရာယ်ဖြစ်နိုင်ခြေများမှာ အဘယ်နည်း။ တားဆီးကာကွယ်နိုင်မည့် အချက်များမှာ အဘယ်နည်း။
- အသက် (၆) နှစ်မှ (၁၃) နှစ်အတွင်းရှိ မိန်းကလေးများအတွက် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အဓိကအန္တရာယ်ဖြစ်နိုင်ခြေများမှာ အဘယ်နည်း။ တားဆီးကာကွယ်နိုင်မည့် အချက်များ မှာ အဘယ်နည်း။
- မွေးကင်းစမှ အသက် (၅) နှစ်အတွင်းရှိ ယောကျ်ားလေးများအတွက် ကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာ အဓိကအန္တရာယ်ဖြစ်နိုင်ခြေများမှာ အဘယ်နည်း။ တားဆီးကာကွယ်နိုင်မည့် အချက်များမှာ အဘယ်နည်း။
- အသက် (၆) နှစ်မှ (၁၀) နှစ်အတွင်းရှိ ယောကျ်ားလေးများအတွက် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အဓိကအန္တရာယ်ဖြစ်နိုင်ခြေများမှာ အဘယ်နည်း။ တားဆီးကာကွယ်နိုင်မည့် အချက်များမှာ အဘယ်နည်း။

(ဂ) မွေးကင်းစမှ အသက် (၅) နှစ်အတွင်းရှိ (သို့မဟုတ် အသက် (၆) နှစ်မှ (၁၃) နှစ်အတွင်းရှိ) မိန်းကလေးငယ်များနှင့် ယောကျ်ားလေးငယ်များအကြားရှိ မိဘအုပ်ထိန်းမှုဆိုင်ရာ ကွဲပြားခြားနားချက်များကို နားလည်ရန်အတွက် ပြုစုစောင့်ရှောက်သူများနှင့် အတူတကွလုပ်ဆောင်ပါ။

(ဃ) လိုအပ်ချက်ဆန်းစစ်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာမှုများတွင် မိန်းကလေးများနှင့် ယောကျ်ားလေးများ၏ အမြင်များကို ရယူရန် ဆွေးနွေးပွဲများပြုလုပ်ခြင်းအားဖြင့် ကလေးသူငယ်များ၏ ပူးပေါင်းပါဝင်မှုကို ထည့်သွင်းရမည်။ ကလေးသူငယ်များ၏ ထိရှလွယ်မှုကို အထူးစဉ်းစားထားသည့် နည်းလမ်းဖြင့် ကလေးသူငယ်များအား တွေ့ဆုံမေးမြန်းရာတွင် သို့မဟုတ် ကလေးသူငယ်များနှင့် ဦးတည်အုပ်စုအလိုက် ဆွေးနွေးမှုများ(FGDs) ပြုလုပ်ရာတွင် အသက် (၁၃) နှစ်အောက် ကလေးသူငယ်များ၏ အခန်းကဏ္ဍလည်း ပါဝင်နိုင်ပြီး၊ နည်းလမ်းအမျိုးမျိုးတို့ကို အသုံးပြုနိုင်သည်။ ကလေးသူငယ်များ၏ တုံ့ပြန်ဖြေကြားချက်များနှင့် လိုလားနှစ်သက်သော ဆက်သွယ်ပြန်ကြားရေးနည်းလမ်းများကို မိန်းကလေးနှင့် ယောကျ်ားလေး အလိုက် သီးသန့်ခွဲခြား၍ မှတ်သားထားရမည်။

ပြုစုစောင့်ရှောက်သူ သို့မဟုတ် (ကလေးသူငယ်က) ယုံကြည်ရသည့် အရွယ်ရောက်သူ[6] မပါရှိပါက ကလေးသူငယ်များနှင့် တိုင်ပင်ဆွေးနွေးမှု မပြုလုပ်ပါနှင့်။ ပြုစုစောင့်ရှောက်သူထံမှ

[6] ယုံကြည်ရသော အရွယ်ရောက်သူဆိုသည်မှာ ပြုစုစောင့်ရှောက်သူက ပြစ်မှုကျူးလွန်သူဖြစ်နေခြင်း သို့မဟုတ် ကလေးသူငယ်က ပြုစုစောင့်ရှောက်သူနှင့် အဆင်မပြေကြောင်း ပြသခြင်းစသည့် အခြေအနေမျိုးအတွက်သာဖြစ်သည်။ အသက်ပိုငယ်သော ကလေးသူငယ်များကို မိသားစုဝင်၊ ဆွေမျိုး သို့မဟုတ် မိသားစု၏ မိတ်ဆွေများက အနိုင်အထက်ပြုတတ်ကြသည်။ ကလေးသူငယ်များ

အသိပေးရယူ ထားသော ခွင့်ပြုချက်ကို လိုအပ်ခြင်း ရှိမရှိမှာ ဖြစ်ရပ်တစ်ခုချင်းအလိုက် စဉ်းစားရန်ဖြစ်သည်။ ဖြစ်ရပ်တိုင်းတွင် လျှို့ဝှက်ချက်ထိန်းသိမ်းခြင်းကို မဖြစ်မနေဆောင်ရွက်ရမည်။

ခွင့်ပြုချက်ရယူရန်မှာ ကလေးသူငယ်၏ အသက်နှင့် အခြေအနေတို့ပေါ် မူတည်သည်။ ပြုစုစောင့်ရှောက်သူ သို့မဟုတ် ကလေးသူငယ်ကို တာဝန်ယူနေသော အခြားအရွယ်ရောက်သူတစ်ဦးသည် အနိုင်အထက်ပြုသူဖြစ်သည်ဟု သံသယရှိပါက၊ တာဝန်ရှိပြီး စိတ်ချရသည့် အခြားအရွယ်ရောက်သူ တစ်ဦးထံမှ ခွင့်ပြုချက်ကို တောင်းခံရမည်။

(င) ဝန်ဆောင်မှုကို မြေပုံဆွဲလေ့လာခြင်း

မိန်းကလေးများက မည်သည့်ဝန်ဆောင်မှုများအား လိုအပ်သည်ကို စဉ်းစားပါ။ မည်သည့်အတားအဆီးများ ရှိနေပါသနည်း?

ယောကျာ်းလေးများက မည်သည့်ဝန်ဆောင်မှုများအား လိုအပ်သည်ကို စဉ်းစားပါ။ မည်သည့် အတားအဆီးများ ရှိနေပါသနည်း?

ကွဲပြားခြားနားချက်များကို မှတ်သားထားပါ။ အတားအဆီးများကို ဖယ်ရှားရန်အတွက် မိန်းကလေးများနှင့် ယောကျာ်းလေးများက အကြံပြုသည့် လုပ်ငန်းများကို သတ်မှတ်ဖော်ထုတ်ပါ။

(စ) ဆန်းစစ်မှုနှင့် ခွဲခြမ်းစိတ်ဖြာမှုပြုလုပ်ရာတွင် အသက် (၁၃) နှစ်အောက် မိန်းကလေးများနှင့် ယောကျာ်းလေးများ၏ အဓိကပြုစုစောင့်ရှောက်သူများနှင့်လည်းကောင်း၊ ရပ်ရွာလူထုနှင့်လည်းကောင်း သီးခြားစီ တိုင်ပင်ဆွေးနွေးခြင်းအားဖြင့် ယင်းကလေးသူငယ်များအတွက် သတ်မှတ်ကျင့်သုံးသော လူမှုဆိုင်ရာစံသတ်မှတ်ချက်များ[7]ကို နားလည်အောင် ပြုလုပ်ပါ။

## စီမံကိန်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း

စီမံကိန်းဖော်ဆောင်ရာတွင် လိုအပ်ချက်ဆန်းစစ်မှုနှင့် ခွဲခြမ်းစိတ်ဖြာမှုလုပ်ငန်းမှ ရလဒ်များကို ထည့်သွင်းစဉ်းစားလျက်၊ အသက်ပိုငယ်သော ကလေးသူငယ်များအတွက် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စံပြုလုပ်ငန်းများကို (မိန်းကလေးနှင့် ယောကျာ်းလေးနှစ်ဦးလုံးအတွက်) မည်သို့ လိုက်လျောညီထွေပြောင်းလဲထည့်သွင်းမည်ကို စဉ်းစားပါ။ အောက်ပါဥပမာများသည် စီမံကိန်းဒီဇိုင်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းတွင် ထည့်သွင်းစဉ်းစားရမည့် အထူးအချက်အလက်များဖြစ်ကြပါသည်။

---

ဆယ်ကျော်သက်အရွယ်ဖြစ်လာသည်နှင့်အမျှ အသိအကျွမ်း၊ ရွယ်တူ၊ လူစိမ်းများ၏ အနိုင်ကျင့်ခံရနိုင်ခြေ ပိုတိုးလာသည်၊ သို့သော် ယုံကြည်ရသည့် အရွယ်ရောက်သူ သို့မဟုတ် သိကျွမ်းသူ၏ အနိုင်ကျင့်ခံရနိုင်ခြေသည်လည်း မြင့်မားနေဆဲဖြစ်သည်။

[7] ယဉ်ကျေးမှုအုပ်စု သို့မဟုတ် လူမှုအုပ်စုအတွင်းတွင် ပုံမှန်ဖြစ်ပြီး သင့်တော်သည်ဟု မှတ်ယူသော အရာနှင့်စပ်လျဉ်း၍ ဘုံယုံကြည်ချက်။

စီမံကိန်းရေးဆွဲခြင်းကို ကျား/မနှင့် အသက်အုပ်စုအလိုက် သီးသန့် ဆောင်ရွက်ပါ။ စီမံကိန်းလုပ်ငန်းများနှင့် ယင်းတို့အား အကောင်အထည်ဖော်ခြင်းကို ခွဲခြမ်းစိတ်ဖြာလေ့လာထားသည့် လိုအပ်ချက်များဖြင့် အသိပေး ပုံဖော်ရမည်ဖြစ်ပြီး၊ "ထိခိုက်နစ်နာမှုမရှိစေရေး" နှင့် "ကလေးသူငယ်အတွက် အကောင်းဆုံး အကျိုးစီးပွားရရှိရေး" စည်းမျဉ်းများကို လိုက်နာရမည်။ စီမံကိန်းဒီဇိုင်းရေးဆွဲခြင်း၊ လုပ်ငန်းစီမံချက်ရေးဆွဲခြင်းနှင့် စီမံကိန်းလုပ်ငန်းများတွင် လွှမ်းမိုးကြီးစိုးမှုရှိသော ကျား/မအုပ်စုကို အမြဲထည့်သွင်းစဉ်းစားပါ။

- ကလေးသူငယ်အကျိုးပြုနေရာများ (CFS) – CFS များတွင် အသက် (၁၃) နှစ်အောက်ရှိ အသက်အုပ်စုများကို အခြေခံလျက် မိန်းကလေးနှင့်မိန်းကလေးများအတွက် မည်သည့်သီးခြားလုပ်ငန်းများကို အသေးစိတ် ပြင်ဆင် ဆောင်ရွက်မည်နည်း?
- ကလေးဘဝအစောပိုင်း ဖွံ့ဖြိုးရေး (ECD) – ဆောင်ရွက်သည့် လုပ်ငန်းများသည် ယောကျ်ားလေးများနှင့် မိန်းကလေးများအတွက် မည်သို့ ကွဲပြားခြားနားပါသနည်း?
- စိတ်လူမှုပိုင်းဆိုင်ရာ အထောက်အပံ့ (PSS) – ယောကျ်ားလေးများနှင့် မိန်းကလေးများသည် တူညီသော PSS လုပ်ငန်းများကြောင့် မည်သို့ အကျိုးခံစားရပါသနည်း?
- အပြုသဘောဆောင်သော မိဘအုပ်ထိန်းမှု (Positive parenting) – မွေးကင်းစမှ အသက် (၅) နှစ်အထိနှင့် အသက် (၆) နှစ်မှ (၁၃) နှစ်အထိ ယောကျ်ားလေးများနှင့် မိန်းကလေးများ၏ ပြုစုစောင့်ရှောက်သူများအတွက် လိုအပ်သည့် အကူအညီများကို ထည့်သွင်းစဉ်းစားထားသည့် စီမံကိန်းများကို ဒီဇိုင်းရေးဆွဲဆောင်ရွက်ပါ။
- အမှု/ဖြစ်ရပ်စီမံခန့်ခွဲမှု (Case Management) – လေ့လာဆန်းစစ်သည့်အဆင့်တွင် အသက် (၁၃) နှစ် အောက်ရှိ အသက်အုပ်စုများကို အခြေခံလျက် မိန်းကလေးများအတွက် (ယောကျ်ားလေးများနှင့် မတူညီသည့်) ရှုထောင့်များကိုလည်းကောင်း၊ ထို့အတူ လွှဲပြောင်းပေးရေး လိုအပ်ချက်များကို လည်းကောင်း ထည့်သွင်းစဉ်းစားပါ။

## တိုက်တွန်းလှုံ့ဆော်ခြင်းနှင့် ဆက်သွယ်ပြန်ကြားခြင်း

- လိုအပ်ချက်ဆန်းစစ်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်းလုပ်ငန်းမှ ရလဒ်များကို အခြေခံလျက် အများပြည်သူဆိုင်ရာ တိုက်တွန်းလှုံ့ဆော်ရေးလုပ်ငန်းများတွင် အသက် (၁၃) နှစ်အောက် မိန်းကလေးနှင့် ယောကျ်ားလေးများ၏ မတူညီသော ကျားမရေးရာ လိုအပ်ချက်များကို အသေးစိတ်ထည့်သွင်းဖော်ပြပါ။
- ရပ်ရွာလူထုများ၊ မိဘများ၊ ပြုစုစောင့်ရှောက်သူများနှင့် ဆက်သွယ်ပြန်ကြားရာတွင် အသက် (၁၃) နှစ်အောက် မိန်းကလေးနှင့် ယောကျ်ားလေးများ၏ မတူညီသော လိုအပ်ချက်များနှင့် ကနဦးပြုစုစောင့်ရှောက်သူများအဖြစ် မှတ်ယူရမည့် ယင်းကလေးသူငယ်များ၏ စွမ်းဆောင်ရည်များကို ပေါ်လွင်ထင်ရှားအောင် ဖော်ပြပါ။
- ကျားမရေးရာ အားလုံးပါဝင်သည့် ကလေးသူငယ် အကျိုးပြု ဆက်သွယ်ပြန်ကြားရေးလုပ်ငန်းကို ပုံစံအမျိုးမျိုးဖြင့် ဆောင်ရွက်ရပါမည်။ ယင်းသို့ဆောင်ရွက်ရာတွင် အသက် (၁၃) နှစ်အောက်

မိန်းကလေးနှင့် ယောကျာ်းလေး တစ်ဦးချင်းစီက ဆက်သွယ်ပြန်ကြားရေးလုပ်ငန်းကို လက်လှမ်းမီအသုံးပြုရန်၊ ပူးပေါင်းပါဝင်ရန်နှင့် သတင်းအချက်အလက်များကို ထောက်ပံ့ပေးရန်၊ ကလေးသူငယ်များက ယင်းတို့ကို ဘေးကင်းလုံခြုံစွာဖြင့် အချိန်နှင့်တပြေးညီ လက်ခံရရှိစေရန်အတွက် ဆောင်ရွက်ရမည့် နည်းလမ်းများကိုလည်း ထည့်သွင်းစဉ်းစားရမည်။

## စောင့်ကြည့်စစ်ဆေးခြင်းနှင့်အစီရင်ခံခြင်း

- စောင့်ကြည့်စစ်ဆေးခြင်းနှင့် အစီရင်ခံခြင်းအတွက် ညွှန်းကိန်းများသည် လိုအပ်ချက်ဆန်းစစ်မှုတွင် ရရှိထားသော ကျားမရေးရာရလဒ်များကို ထင်ဟပ်ပါဝင်ကြောင်း သေချာစေရမည်။
- အသက် (၁၃) နှစ်အောက် မိန်းကလေးနှင့် ယောကျာ်းလေးများအတွက် အစီရင်ခံစာနှင့် အချက်အလက်အားလုံးတို့ကို အသက်၊ ကျားမနှင့် မသန်စွမ်းမှုအလိုက် ခွဲခြားထားရမည်။
- ဘေးဒဏ်ခံပြည်သူများအပေါ် တာဝန်ခံယူခြင်းလုပ်ငန်း၏ တစ်စိတ်တစ်ပိုင်းအဖြစ်၊ အသက် (၁၃) နှစ်အောက် မိန်းကလေးနှင့် ယောကျာ်းလေးများ ပူးပေါင်းပါဝင်စေရေးနှင့် ၎င်းတို့၏ အမြင်များကို လက်ခံရယူရေးအတွက် ကလေးသူငယ်မျာ းအတွက် တုံ့ပြန်နိုင်စွမ်းသောနည်းလမ်း အမျိုးမျိုးတို့ကို ကျင့်သုံးဆောင်ရွက်နေကြောင်းနှင့် ယင်းနည်းလမ်းများကို ကလေးသူငယ်များက လက်လှမ်းမီအသုံးပြုနိုင်ပြီး၊ အဓိကပြုစုစောင့်ရှောက်သူများကလည်း နားလည်စေမည့် လုပ်ငန်းများကို အသင့်ပြင်ဆင်ထားရှိကြောင်း သေချာစေရမည်။
- စောင့်ကြည့်စစ်ဆေးခြင်းနှင့် အစီရင်ခံခြင်းလုပ်ငန်း၏ အစိတ်အပိုင်းတစ်ခုအဖြစ်၊ အသက် (၁၃) နှစ်အောက် မိန်းကလေးများနှင့် ယောကျာ်းလေးများအား သက်ဆိုင်ရာ ပြုစုစောင့်ရှောက်သူများနှင့်အတူ (ကလေးသူငယ်များအတွက် တုံ့ပြန်နိုင်စွမ်းသော နည်းလမ်းများဖြင့်) ဦးတည်အုပ်စုလိုက် ဆွေးနွေးခြင်းနှင့် တွေ့ဆုံမေးမြန်းခြင်းတို့ကိုလည်း ပြုလုပ်ရမည်။
- အစီရင်ခံရာတွင် အသက် (၁၃) နှစ်အောက် မိန်းကလေးများနှင့် ယောကျာ်းလေးများ၏ ထောက်ခံချက်များကိုလည်း ထည့်သွင်းဖော်ပြရမည်ဖြစ်ပြီး၊ မည်သူမည်ဝါမှန်း ဖော်ထုတ်သိရှိနိုင်သည့် အချက်အလက်များကို ဖော်ပြခြင်းမပြုရပါ။
- စောင့်ကြည့်စစ်ဆေးရေးလုပ်ငန်းစဉ်အတွင်း ကလေးသူငယ်တစ်ဦးက (SEA[8] အပါအဝင်) မည်သည့် အနိုင်အထက်ပြုမှုကိုမဆို ထုတ်ဖော်ပြောကြားလာပါက၊ လျှို့ဝှက်ချက် ထိန်းသိမ်းရေးနည်းလမ်းများ အသင့်ရှိနေရမည် ဖြစ်ပြီး၊ ယင်းသို့သော ကလေးသူငယ်အား ချက်ချင်းလွှဲပြောင်းပေးအပ်နိုင်ရေးအတွက် စောင့်ကြည့်စစ်ဆေးရေး လုပ်ငန်းစဉ်တွင် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအရာရှိတစ်ဦးလည်း ပါဝင်ရမည်။

[8] P/SEA အတွက် အသေးစိတ်အချက်များကို ထပ်မံသိရှိလိုပါက mmrpsea@unfpa.org သို့ ဆက်သွယ်နိုင်ပါသည်။


ကျားမရေးရာကို လုပ်ငန်းတိုင်း၌ ထည့်သွင်းပါဝင်စေခြင်းဆိုင်ရာ စီမံကိန်းစက်ဝိုင်း
၁။ စီမံချက်ရေးဆွဲခြင်း(ဆန်းစစ်ခြင်း+ ခွဲခြမ်းစိတ်ဖြာခြင်း)
• ကျားမနှင့်အသက်အလိုက် ခွဲခြားထားသည့် အချက်များကို စုဆောင်းခြင်း။
• အခြေအနေနှင့် ကျားမခွဲခြမ်းစိတ်ဖြာခြင်း/ လိုအပ်ချက်ဆန်းစစ်ခြင်း။
• ကျားမရေးရာ ပြဿနာများကို သတ်မှတ်ဖော်ထုတ်ခြင်း။
• ကျားမ တန်းတူမညီမျှမှု၊ ကွာဟချက်၊ လိုအပ်ချက်များအတွက် လုပ်ငန်းများကို သတ်မှတ်ခြင်း။
၂။ စီမံကိန်းဒီဇိုင်း
• လုပ်ငန်းအကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်းအတွက် လိုအပ်သည့် လူ့စွမ်းအားနှင့် ရန်ပုံငွေ ရင်းမြစ်များကို စီစဉ်ခြင်းအားဖြင့် အစီအစဉ်/ စီမံကိန်းကို ဒီဇိုင်း ရေးဆွဲခြင်း
၃။ အကောင်အထည်ဖော်ခြင်း
• ကျားမ တန်းတူညီမျှမှု မရှိခြင်းကို အသွင်ပြောင်းစေမည့် စီစဉ်ထားသော လုပ်ငန်းများကို အကောင်အထည်ဖော်ခြင်း။
• ကျားမရေးရာအသိနိုးကြားသော အုပ်စုအားလုံးက ပူးပေါင်းပါဝင်ခြင်း။
၄။ စောင့်ကြည့်စစ်ဆေးခြင်း
• အစီအစဉ်/စီမံကိန်း ဒီဇိုင်းရေးဆွဲသည့် အဆင့်တွင် သတ်မှတ်ထားသည့် လုပ်ငန်းစဉ်များနှင့် အညီ၊ ကျားမနှင့် အသက် အလိုက်ခွဲခြားထားသည့် အချက်များကို အသုံးပြု၍ ကျားမရေးရာ ထိရှလွယ်သော စောင့်ကြည့် စစ်ဆေးခြင်းလုပ်ငန်းကို ဆောင်ရွက်ခြင်း
၅။ အကဲဖြတ်ခြင်း
• ကျားမရေးရာနှင့် လူ့အခွင့်အရေးဆိုင်ရာ ညွှန်းကိန်းများကို သုံး၍ မျှော်မှန်းရလဒ်များကို အကဲဖြတ်ခြင်း။
• နှိုင်းယှဉ်ထားသော ကျားမရေးရာ သက်ရောက်မှုများကို ဖော်ပြခြင်း။
၆။ အစီရင်ခံခြင်း
• အသိပညာမျှဝေခြင်း (ရရှိထားသည့် ရလဒ်နှင့် သင်ခန်းစာများ)။
• အနာဂတ် အစီအစဉ်/စီမံကိန်းများကို အသိပေးပုံဖော်ခြင်း။

**နောက်ဆက်တွဲ - ကလေးသူငယ်များ၏ အသက်နှင့် ခွင့်ပြုချက်အတွက် ရည်ညွှန်းချက်များ ***

| အသက် အုပ်စု | ကလေး သူငယ် | ပြုစု စောင့်ရှောက်သူ | ပြုစုစောင့်ရှောက်သူ မဟုတ်ပါက သို့မဟုတ် ကလေးသူငယ်၏ အကောင်းဆုံး အကျိုးစီးပွား မဟုတ်ပါက | နည်းလမ်း |
|---|---|---|---|---|
| မွေးကင်းစမှ ၅ နှစ် | - | အသိပေးရယူ ထားသော ခွင့်ပြုချက် | အခြားယုံကြည်ရသည့် အရွယ်ရောက်သူ သို့မဟုတ် အမှုကိုင်တွယ်သည့် ဝန်ထမ်းထံမှ အသိပေးရယူထားသည့် ခွင့်ပြုချက် | စာဖြင့် ရေးသားထားသော ခွင့်ပြုချက် |
| ၆ နှစ်မှ ၁၁ နှစ် | အသိပေးရယူ ထားသော သဘောတူညီချက် | အသိပေးရယူ ထားသော ခွင့်ပြုချက် | အခြားယုံကြည်ရသည့် အရွယ်ရောက်သူ သို့မဟုတ် အမှုကိုင်တွယ်သည့် ဝန်ထမ်းထံမှ အသိပေးရယူထားသည့် ခွင့်ပြုချက် | နှုတ်ဖြင့် ပြောကြားသော သဘောတူညီချက်/ စာဖြင့်ရေးသားထားသော ခွင့်ပြုချက် |
| ၁၂ နှစ်မှ ၁၄ နှစ် | အသိပေးရယူ ထားသော သဘောတူညီချက် | အသိပေးရယူ ထားသော ခွင့်ပြုချက် | အခြားယုံကြည်ရသည့် အရွယ်ရောက်သူ သို့မဟုတ် ကလေးသူငယ်ထံမှ အသိပေးရယူထားသည့် သဘောတူညီချက်။ (ကလေးသူငယ်၏) ရင့်ကျက်မှု အဆင့်ကို အလေးပေး စဉ်းစားနိုင်သည်။ | စာဖြင့်ရေးသားထားသော သဘောတူညီချက်/ စာဖြင့်ရေးသားထားသော ခွင့်ပြုချက် |

***** အမှု/ဖြစ်ရပ်ကို ထုတ်ဖော်ပြောသူများက ဝန်ဆောင်မှုများကို တောင်းခံလာပါက၊ လွှဲပြောင်းပေးအပ်ရန်အတွက် ပြုစုစောင့်ရှောက်သူနှင့် ကလေးသူငယ်ထံမှ အသိပေးထားသော သဘောတူညီချက်ကို ရယူရမည်။ ပြုစုစောင့်ရှောက်သူမပါရှိဘဲ ကလေးသူငယ်တစ်ဦးက ထုတ်ဖော်ပြောကြားလာခြင်း ဖြစ်ပါက၊ အသိပေးထားသည့် သဘောတူညီချက်ရယူရေး လုပ်ငန်းစဉ်သည် ယင်းကလေးသူငယ်၏ အသက်ပေါ်မူတည်၍ ကွဲပြားခြားနားနိုင်ပါသည်။